သို့

ခရိုင်အုပ်ချုပ်ရေးမှူး

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

---------------မြို့

ရက်စွဲ။ - -၂၀

အကြောင်းအရာ။ **ဘီလီယက်ခုံလိုင်စင်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း**

---------တိုင်းဒေသကြီး/ပြည်နယ်၊--------------ခရိုင်၊ ---------------မြို့နယ်၊--------------ရပ်ကွက်/ကျေးရွာအုပ်စု--------------------ရပ်ကွက်/ကျေးရွာနေ ကျွန်တော်/ကျွန်မ------------------------ပိုင်-------------------လုပ်အမျိုးအစား အလျား( )ပေ၊ အနံ( )ပေရှိ၊ ဘီလီယက်ခုံ/ခြောက်ပေါက်ခုံ/ခြောက်ပေါက်ခုံ( )ခုံအတွက် လုပ်ငန်းလိုင်စင်ခွင့်ပြုပေးပါရန် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည်။

(က) ပတ်ဝန်းကျင်နေအိမ်များ၏ သဘောတူညီချက်

(ခ) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်

(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(ဃ) သတ်မှတ်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်

လျှောက်ထားသူ

လက်မှတ်၊ ----------------------------

အမည်၊ ----------------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ ----------------------------

နေရပ်လိပ်စာ၊ ---------------------------

မိတ္တူကို

လက်ခံ

## ကိုယ်တိုင်ဝန်ခံကတိပြုချက်

၁။ -----------မြို့နယ်၊ ---------------ရပ်ကွက်/ကျေးရွာ----------------ရပ်ကွက်/ကျေးရွာနေ ကျွန်တော်/ကျွန်မ၏ ဘိလိယက်ခုံလိုင်စင်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ အောက်ပါစည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

(က) ဘိလိယက်ခုံကို နံနက် (၁၇:၀၀)နာရီမှ ည(၂၀:၀၀)နာရီအထိသာ လုပ်သားပြည်သူတို့ ကစားရန်ဖွင့်လှစ်ထားမည်။

(ခ) ဘိလိယက်ခုံအား အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စွာရရှိနိုင်သော အဆောက်အဦးအခန်းတွင်း၌သာ ထားရှိရမည်။

(ဂ) လုပ်သားပြည်သူများ လေ့ကျင့်ကစားနေကြစဉ် ဘိလိယက်ခုံအခန်းတံခါးများ ပိတ်ထားခြင်းမပြုရ၊ လေအေးပေးစက်တပ်ဆင်ထားပါက မှန်(အကြည်) တံခါးများဖြင့် ပိတ်ထားရမည်၊ ၎င်းမှန်တံခါးတွင် လိုက်ကာများ တပ်ဆင်ထားခြင်းမပြုရ၊ အတွင်းသို့ မမြင်နိုင်သော မှန်များတပ်ဆင်ထားခြင်းမပြုရ။

(ဃ) ဘိလိယက်ခုံဖွင့်လှစ်ရန် သတ်မှတ်ထားသော အချိန်ပြင်ပတွင် ဘိလိယက်ခုံအတွင်း ကစားခြင်းမပြုရ၊ ထို့ပြင် လိုင်စင်ရထားသူ အိမ်ထောင်စုဝင်များ (သို့မဟုတ်) ငှားရမ်းထားသူများမှအပ အခြားမည်သူတစ်စုံတစ်ယောက်မှ မှီခိုနေထိုင်ခြင်းမပြုရ။

(င) အသက်(၁၈)နှစ်အောက် အရွယ်ရှိသည့် မည်သူမဆို ကစားရန်အလို့ငှာ ဘိလိယက်ခုံအတွင်းသို့လက်ခံထားခြင်း မပြုရ။

(စ) ဘိလိယက်ခုံအတွင်း မူးယစ်စေတတ်သော အရက်၊ ဘိန်း၊ မူးယစ်ဆေးဝါးများနှင့် စိတ်ကိုပြောင်းလဲစေတတ်သော မည်သည့်ဆေးဝါးများ ယူဆောင်သွားခြင်း၊ ရောင်းချခြင်း၊ သောက်စားသုံးစွဲခြင်းမပြုရ။

(ဆ) ဘိလိယက်ခုံအတွင်း အကျင့်စာရိတ္တမကောင်းသူ လူလေ၊ လူလွင့်များ ရာဇဝတ်ပြုမှု မကြာခဏ ကျူးလွန်တတ်သူများကို သိရှိက ဝင်ရောက်ခွင့်မပြုရ။

(ဇ) ဘိလိယက်ခုံအတွင်း ပျော်ပါးကစားကြရန်အလို့ငှါ ရောက်ရှိကြည့်ရှုသူ လုပ်သားပြည်သူများထံမှ ပစ္စည်းများပေါင်နှံခြင်း၊ အပေါင်ပစ္စည်းများလက်ခံခြင်း မပြုရ။

(ဈ) ဘိလိယက်ခုံအဆောက်အဦးအတွင်းတွင် အမျိုးသမီးများကို မည်သည့်အတွက်ပင် ဖြစ်စေ ဝန်ထမ်းခန့်ထားခြင်း၊ ဘိလိယက်ကစားသူများ၏ အကူအဖြစ်ထားရှိစေခြင်း လုံးဝမပြုလုပ်ရ။

(ည) ဘိလိယက်ခုံအဆောက်အဦးအတွင်း မည်သည့်လောင်းကစားမှုမျိုးကို မပြုလုပ်ရ။

(ဋ) ဘိလိယက်ခုံအဆောက်အဦးအတွင်း လိုင်စင်၌ ဖော်ပြထားသော ကစားနည်းမျိုးမှအပ မည်သည့်ကစားနည်းမျိုးကိုမှ ခွင့်မပြု။

(ဌ) ဘိလိယက်ခုံကို လိုင်စင်ထုတ်ပေးသူအရာရှိ(သို့မဟုတ်) ၎င်းမှ လွှဲအပ်ထားသော အရာရှိ (သို့မဟုတ်) အာဏာပိုင်တို့မှ အချိန်အခါမရွေး ဝင်ရောက်စစ်ဆေးခွင့်ရှိစေရမည်။

(ဍ) လိုင်စင်ရထားသူက လိုင်စင်ထုတ်ပေးသူအရာရှိ၏ အမိန့်တစ်စုံတစ်ရာမရှိဘဲ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းမပြုရ။

(ဎ) လိုင်စင်ရထားသူမှ လိုင်စင်ထုတ်ပေးသူအရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူအားငှားရမ်းခြင်း၊ လိုင်စင်လွှဲပြောင်းခြင်းမပြုရ။

(ဏ) ဤလိုင်စင်ကို ဘောင်သွင်းပြီး၊ ဘိလိယက်ခုံအဆောက်အဦးအတွင်း၊ ထင်ရှားမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။

(တ) လိုင်စင်၏ သက်တမ်းသည် ဘဏ္ဍာရေးနှစ်တစ်နှစ် (ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ) သတ်မှတ်ရမည်။

၂။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိက လုပ်ကိုင်ခွင့်ပေးထားသော လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်း၊ မြို့များအက်ဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် တည်ဆဲဥပဒေအရပါ အရေးယူခြင်းခံရမည်။

လျှောက်ထားသူ

လက်မှတ် ၊ ------------------------------

အမည် ၊ ------------------------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊ ------------------------------

နေရပ်လိပ်စာ ၊ ------------------------------

ရက်စွဲ ၊ ၂ဝ ခုနှစ် လ ရက်

အကြောင်းအရာ။ **ပတ်ဝန်းကျင်နေအိမ်များ၏ သဘောတူညီချက်**

၁။ ----------တိုင်းဒေသကြီး/ပြည်နယ်၊ -------------ခရိုင်/ -------------------မြို့နယ်၊ --------------ရပ်ကွက်/ကျေးရွာအုပ်စု ------------------- ရပ်ကွက်/ကျေးရွာနေ ---------------- ၏ ဘိလိယက်ခုံလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းအား ကန့်ကွက်ရန် မရှိပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

| **စဉ်** | **အမည်** | **လိပ်စာ** | **လက်မှတ်** |
|---|---|---|---|
| | | | |

၂။ အထက်ဖော်ပြပါ အမည်၊ နေရပ်လိပ်စာပါ ပုဂ္ဂိုလ်များသည် ကျွန်တော်/ ကျွန်မပိုင် ဘိလိယက်ခုံရှိ
ပတ်ဝန်းကျင်နေအိမ်များမှ အိမ်ထောင်ဦးစီးများဖြစ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ။ ---------------

အမည် ။ ---------------

နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ။ ---------------

နေရပ်လိပ်စာ ။ ---------------

# ထောက်ခံချက်

----------- မြို့နယ်၊ -------- ရပ်ကွက် / ကျေးရွာအုပ်စု ------- ရပ်ကွက်/ ကျေးရွာနေ (အဘ) ဦး -------- (အမိ) ------- တို့၏သား -------- မှတ်ပုံတင်အမှတ် ------ သည် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ကြောင်းနှင့် မိမိရဲစခန်းပိုင်နယ်မြေအတွင်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိကြောင်း ထောက်ခံပါသည်။

စခန်းမှူး

ရက်စွဲ၊ ၂၀ ခုနှစ် လ ရက်

# ထောက်ခံချက်

---------- မြို့နယ်၊ -------- ရပ်ကွက် / ကျေးရွာအုပ်စု --------- ရပ်ကွက်/ ကျေးရွာနေ (အဘ) ဦး -------- (အမိ) ------- တို့၏သား -------- မှတ်ပုံတင်အမှတ် ------ သည် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ကြောင်းနှင့် မိမိရဲစခန်းပိုင်နယ်မြေအတွင်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ ၂၀ ခုနှစ် လ ရက်